# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၁၅ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၃–၁၀–၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်အား လူမှုရေးခက်ခဲသော မြို့နယ်အဖြစ် သတ်မှတ်ပြီး ဝန်ထမ်းများအား လစာနှင့်ညီမျှသော ငွေကို ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ ရဲဘက်အကျဉ်းစခန်းများရှိ အကျဉ်းသားများ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်မြသန်း၊ ညောင်တုန်း မဲဆန္ဒနယ်၏ **အရည်အသွေးမမီသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲနေမှုများကြောင့် သီးနှံများ ဆုံးရှုံးပျက်စီးနေရမှု** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **အရှင်းဖြစ် မြေအား အဆင့်ဆင့် လက်ဆင့်ကမ်းရောင်းချ ပေးခဲ့ခြင်းကို တရားမဝင် မှတ်ပုံတင်ပေးခဲ့သည့် စာချုပ်စာတမ်း ဦးစီးများ၏ လုပ်ရပ်သည် ဥပဒေနှင့် ညီ၊မညီ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်၊ မြဲတောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် တိုးချဲ့ကျောင်းဆောင်သစ် အတွက် ရန်ပုံငွေခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစောဘသိန်း၊ သထုံ မဲဆန္ဒနယ်၏ **သထုံမြို့၊ အ.ထ.က(၃) နှစ်ထပ်ကျောင်းဆောင်ကြီးအား အသစ်ပြန်လည်တည်ဆောက် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒုတိယဗိုလ်မှူးကြီးလှနိုင်၊ တပ်မတော်သားကိုယ်စားလှယ်၏ **လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးဗဟိုဌာနမှ ဝန်ထမ်းများအား လေ့ကျင့်ပေးမှု ပြုသည်ဆိုပါလျှင် အဆင့်အတန်းအားလုံး အကျုံးဝင်မှု ရှိ၊ မရှိနှင့် နှစ်စဉ်မည်သို့သော အစီအမံများ ချမှတ်ပြီး လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးသန်းဝင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၏ **ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ သင်္ဘောများ သွားလာရာတွင် မြစ်ကြောင်း ကျဉ်း၍ အခက်အခဲများ ရှိနေပါသဖြင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။